# 4 ပုဂ္ဂလိကအငှားအိမ်

## 4-2 အိမ်ငှားရမ်းချိန်တွင်

### (1) ငှားရမ်းချိန်တွင် လိုအပ်သောအစီအစဉ်များ

**အိမ်ငှားရန် ရှာဖွေလျက်ရှိသူ**

လိုချင်သော အိမ်အနေအထားကိုပြောသည်

→ **အိမ်ခြံမြေအကျိုးဆောင်**
လိုချင်သောအိမ်၏
အချက်အလက်များကို ပြသသည်

→ စိတ်ဝင်စားသောအိမ်ကိုတွေ့ရှိပါက
သွားရောက်ကြည့်ရှုသည်

↓

ကြည့်ရှုပြီးနောက် စာချုပ်ချုပ်ဆိုချင်ပါက
လျှောက်လွှာရေးဖြည့်သည်

→ **အိမ်ခြံမြေအကျိုးဆောင်ပုဂ္ဂိုလ်**
**နှင့် အိမ်ပိုင်ရှင်**
စစ်ဆေးခြင်း

※လျှောက်ထားချိန်တွင် ပုံမှန်အားဖြင့်
အာမခံသူလိုအပ်သည်။အာမခံသူကိုယ်စားလှယ်
ကုမ္ပဏီသို့လည်း တောင်းဆိုနိုင်သည်။

↓

**အိမ်ခြံမြေအကျိုးဆောင်ပုဂ္ဂိုလ်**
ဆုံးဖြတ်သည်

→ ကြိုတင်ဘွတ်ကင်လုပ်သည်

↓ ※လျှောက်လွှာတင်ကြေး ပေးရသောအခါလည်းရှိသည်

စပေါ်ငွေ၊ အိမ်ပိုင်ရှင်ကန်တော့ကြေး၊ ကြားပွဲစားခ၊ အိမ်လခ၊
ထိခိုက်ပျက်စီးအာမခံကြေး စသည့်
လိုအပ်သောငွေကိုပေးချေပြီး စာချုပ်တွင်
မိမိအမည်ကိုရေးပြီး လက်မှတ်တံဆိပ်တုံးထုသည်

↓

စာချုပ်လက်ခံရယူသည်

↓

အိမ်သော့ကိုရရှိပြီး အိမ်ပြောင်းရွှေ့သည်

### (2) ငှားရမ်းချိန်တွင် သတိပြုရန်အချက်များ

## M နေထိုင်ခြင်း၊ ပြောင်းရွှေ့ခြင်း

M နေထိုင်ခြင်း၊ ပြောင်းရွှေ့ခြင်းထိပ်သို့

● လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမှုနှင့် ပတ်သက်၍

မိမိအိမ်သို့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမှုသည် ၁မိနစ်လျှင် ၈၀မီတာလမ်းလျှောက်သည်ဟု တွက်ချက်လျှင် "အနီးဆုံးဘူတာမှ မိနစ်မည်မျှ" ဟုဖော်ပြလေ့ရှိသည်။ ယင်း ၁မိနစ်လျှင် ၈၀မီတာ လမ်းလျှောက်သည်ဟုဆိုလျှင် ၁နာရီလျှင် ၄.၈ကီလိုမီတာ အမြန်နှုန်းဖြစ်ပြီး၊ ကုန်းတက်များနှင့် လေကားအတက်များ၊ မီးပွိုင့်စောင့်ချိန်များစသည်တို့မပါဝင်ပေ။

စာချုပ်မချုပ်ဆိုခင်မှာ လက်တွေ့ဘူတာအထိ လမ်းလျှောက်ကြည့်လျှင် သင့်တော်လိမ့်မည်။

● အိမ်မွေးတိရိစ္ဆာန်များနှင့် ပတ်သက်၍

အိမ်ရှင်အများစုသည် အိမ်မွေးတိရိစ္ဆာန်မွေးခြင်းကို တားမြစ်သည့်အတွက် မွေးမြူလိုလျှင် စာချုပ်မချုပ်ဆိုမီ အိမ်ခြံမြေအကျိုးဆောင်ထံတွင် သေချာစွာ စုံစမ်းမေးမြန်းထားခြင်းသည် အရေးကြီးသည်။



အိမ်မွေးတိရိစ္ဆာန်မွေးခြင်း

● အိမ်ပြင်ဆင်ခြင်းနှင့် အိမ်ဒီဇိုင်းပြောင်းလဲခြင်း

အိမ်ရှင်၏ ခွင့်ပြုချက်မရရှိပဲ အိမ်ပြင်ဆင်ခြင်း နှင့် အိမ်ဒီဇိုင်းပြောင်းလဲခြင်း၊ မိသားစုအပြင် အခြားလူကို အတူနေထိုင်စေခြင်း မပြုလုပ်ရပါ။ အိမ်၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားလူကိုငှားရမ်းခြင်း မပြုလုပ်ရပါ။



အခန်းတွင် သံရိုက်ခြင်း၊ ဆေးသုတ်ခြင်း



အခြားလူသို့ ငှားရမ်းခြင်း

● အခန်းတွင်းတွင် ရှိသောနှင့် မရှိသော အထောက်အပံ့ပစ္စည်းများ

ဂျပန်နိုင်ငံ၏ အငှားအိမ်များသည် ကြိုတင်၍ အခန်းတွင်းတွင်ပါ ရှိသောပစ္စည်းများနှင့် မပါရှိသောပစ္စည်းများဟူ၍ ရှိသည်။ ၎င်းပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

・အခန်းတွင်ပါ ရှိသောပစ္စည်းများ…လျှပ်စစ်၊ ဂတ်စ်၊ ရေအသုံးပြုကိရိယာများ

・အခန်းတွင် မပါရှိသောပစ္စည်းများ…လျှပ်စစ်ပစ္စည်းများ၊ ဂတ်စ်မီးဖို၊ အိမ်ထောင်ပရိဘောဂ စသည်။

လိုအပ်သော ပစ္စည်းများကိုလည်း မိမိဘာသာ ပြင်ဆင်ထားပါ။

### (3) အခန်းငှားချိန်တွင် အကြံပြုချက်

အငှားအိမ်များငှားရမ်းရာတွင် အခက်အခဲများနှင့် တွေ့ကြုံလေ့ရှိသည်။ ၎င်းအတွက် အကြံပြုချက်ဖြစ်သည်။ ထို့အပြင် ဒေသဆိုင်ရာနိုင်ငံတကာကူးလူးဆက်ဆံရေးအသင်း စသည်တို့နှင့်ဆွေးနွေးတိုင်ပင်နိုင်သည်။

・ဂျပန်စကားမပြောနိုင်…ဂျပန်စကားပြောနိုင်သူနှင့် အတူသွားကြပါစို့။ နှုတ်ဆက်စကားများလောက်ကိုသာ ဂျပန်ဘာသာဖြင့်ပြောဆိုနိုင်လျှင်ပင် တစ်ဖက်၏ အမြင်မှာ လုံးလုံးပြောင်းလဲတတ်သည်။

・နိုင်ငံခြားသားမငှားရမ်း…အသိမိတ်ဆွေ၏ မိတ်ဆက်ပေးမှု၊ အင်တာနက် စသည်တို့မှ တဆင့် နိုင်ငံခြားသားကို ငှားရမ်းပေးနိုင်သည့်အိမ်ခြံမြေအကျိုးဆောင်ရှာဖွေပြီး ဆောင်ရွက်ခြင်းသည်လည်း ထိရောက်သည်။

・အာမခံသူမရှိ…အာမခံကိုယ်စားလှယ်ကုမ္ပဏီကိုတောင်းဆိုရယူနိုင်သည်။ အိမ်ခြံမြေအကျိုးဆောင်နှင့် ဆွေးနွေးပါ။